## ပုဂ္ဂလိကစက်မှုလုပ်ငန်းမှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ် စက်မှုလုပ်ငန်းအမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

ပုဂ္ဂလိကစက်မှုလုပ်ငန်းဆိုသည်မှာ ပုဂ္ဂလိကတစ်ဦးချင်းဖြစ်စေ၊ အစုစပ်ဖြစ်စေ၊ ကုမ္ပဏီ တည်ထောင်၍ဖြစ်စေ စက်မှုလုပ်ငန်းလုပ်ကိုင်ခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင် အစိုးရနှင့်ဖက်စပ် လုပ်ကိုင်သည့် စက်မှုလုပ်ငန်းများ မပါဝင်ပါ။

**ပုဂ္ဂလိကစက်မှုလုပ်ငန်းမှတ်ပုံတင်ခြင်း**

မြင်းကောင်ရေသုံးကောင်အား အထက်ရှိသောအားတစ်မျိုးမျိုးကို အသုံးပြု၍ဖြစ်စေ၊ လုပ်ခစား အလုပ်သမား တစ်ဆယ်ဦးနှင့် အထက်ဖြစ်စေ၊ ပုဂ္ဂလိကစက်မှုလုပ်ငန်း တစ်ရပ်ရပ် ကို လုပ်ကိုင်လိုသူသည် ဤဥပဒေအရ မှတ်ပုံတင်ရမည်။

**စက်မှုလုပ်ငန်းအမျိုးအစားများ**

**(၁) စားသောက်ရေးဆိုင်ရာလုပ်ငန်းများ**

ဥပမာ– ဆန်၊ ဆီ၊ သောက်ရေသန့်၊ ရေခဲ/ရေခဲချောင်း/ရေခဲမုန့်၊ အအေးခန်း၊ မုန့်မျိုးစုံ၊ ခေါက်ဆွဲ စသည့်လုပ်ငန်းများ

**(၂) ဝတ်ဆင်ရေးဆိုင်ရာလုပ်ငန်းများ**

ဥပမာ – အထည်ချုပ်/သက်နိုးချုပ်/ ဇာပန်းထိုးလုပ်ငန်းများ

**(၃) နေထိုင်ရေးလုပ်ငန်းများ**

ဥပမာ – ကျောက်ခွဲစက်၊ လျှာထိုး၊ ပရိဘောဂ၊ သစ်စက်၊ သစ်ပြန်စိတ်စက်၊ ကွန်ကရစ်၊ အမိုးပြား စသည့်လုပ်ငန်းများ

**(၄) လူသုံးကုန်ပစ္စည်းများလုပ်ငန်း**

ဥပမာ – ပရဆေး၊သနပ်ခါးကြိတ်၊ ပလက်စတစ်၊ ဝါးတူ၊ ကော်ပစ္စည်းစသည့် လုပ်ငန်းများ

**(၅) စာပေနှင့်အနုပညာဆိုင်ရာလုပ်ငန်းများ**

ဥပမာ – ပုံနှိပ်လုပ်ငန်း

**(၆) အိမ်သုံးပစ္စည်းလုပ်ငန်းများ**

ဥပမာ – စက္ကူ၊ စာအုပ်၊ ရုံးသုံးပစ္စည်း၊ သင်္ဘောဆေးစသည့်လုပ်ငန်းများ

**(၇) ကုန်ကြမ်းပစ္စည်းလုပ်ငန်းများ**

ဥပမာ – အုန်းဆံ၊ ဓာတ်မြေသြဇာ စသည့်လုပ်ငန်းများ

**(၈) ဓာတ်သတ္တုပစ္စည်းပြုပြင်ထုတ်လုပ်ငန်း**

ဥပမာ – သံပန်းသံတံခါး၊ သံနန်းဆွဲ၊ သံရည်ကျိုကြေးရည်ကျို၊ ရေပန့်၊ ရေတင်ကိရိယာ၊ ရေယာဉ် ပန်ကာ ၊ သံသေတ္တာ၊ အလျူမီနီယံ/စတီးပစ္စည်း၊ လောင်စာတောင့် စသည့်လုပ်ငန်းများ

**(၉) စိုက်ပျိုးရေးကိရိယာထုတ်လုပ်ငန်း**

ဥပမာ – စိုက်ပျိုးရေးကိရိယာ၊ လယ်ယာသုံးပစ္စည်း၊ ပန်းပဲ၊ စက်တုံး စသည့် လုပ်ငန်းများ

**(၁၀) စက်မှုလယ်ယာသုံးကိရိယာထုတ်လုပ်ငန်း**

ဥပမာ – သီးနှံခြွေလှေ့စက်၊ စက်ဘီးအရန်ပစ္စည်းထုတ်၊ စပါးခွဲ့ဓာတ်ငွေ့မီးဖို၊ စက်အပိုပစ္စည်းစသည့်လုပ်ငန်းများ

**(၁၁) သယ်ယူပို့ဆောင်ရေးယာဉ်များထုတ်လုပ်ငန်း**

ဥပမာ – မော်တော်ယာဉ်ထုတ်လုပ်ငန်း၊ သင်္ဘောကျင်းလုပ်ငန်း၊ လှေလွန်းတင် လုပ်ငန်း စသည့်လုပ်ငန်းများ

**(၁၂) လျှပ်စစ်ပစ္စည်းလုပ်ငန်း**

ဥပမာ – လျှပ်စစ်ပစ္စည်းမျိုးစုံ၊ ဘတ္ထရီလုပ်ငန်း၊ မီးစက်၊ မီးအားမြှင့်စက်စသည့် လုပ်ငန်းများ

**(၁၃) အထွေထွေစက်မှုအလုပ်ရုံများ**

ဥပမာ– ကားဘော်ဒီပြုပြင်၊ ပန့်နော်ဇယ်ပြုပြင်၊ ဒိုင်နမိုပြုပြင်၊ ထွေစက် ပြုပြင်၊ တွင်/သံ ဂဟော၊ တွင်ခုံ၊ ရေတုံကင် စသည့်လုပ်ငန်းများ

**ပုဂ္ဂလိကစက်မှုလုပ်ငန်းမှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-**

| စဉ် | လုပ်ငန်းစဉ် |
|---|---|
| ၁။ | ပုဂ္ဂလိကစက်မှုလုပ်ငန်းမှတ်ပုံတင်ခွင့်ပြုခြင်း |
| ၂။ | ပုဂ္ဂလိကစက်မှုလုပ်ငန်းမှတ်ပုံတင်သက်တမ်းတိုးမြှင့်ခွင့်ပြုခြင်း |
| ၃။ | ပုဂ္ဂလိကစက်မှုလုပ်ငန်းစက်မှုဆိုင်ရာအချက်အလက်များပြောင်းလဲခွင့်ပြုခြင်း (မှတ်ပုံတင်ပြီးသည့် လုပ်ငန်းများတွင် အပြောင်းအလဲများ ပြုလုပ်ခြင်း) |
| ၄။ | မှတ်ပုံတင်လက်မှတ်မိတ္တူထုတ်ပေးခြင်း |

**ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေအရဆောင်ရွက်သည့် မှတ်ပုံတင်ခြင်း လုပ်ငန်းအတွက် လုပ်ငန်းစဉ်များနှင့် လုပ်ထုံးလုပ်နည်းများ**

စက်မှုဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသည့် ပုဂ္ဂလိကစက်မှုလုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်ရန် လုပ်ငန်းစဉ်များကို အဆင့်အလိုက်တာဝန်ခွဲခြားသတ်မှတ်၍ လုပ်ငန်းများကို အောက်ပါအတိုင်းဆောင်ရွက်ပါသည်-

| စဉ် | လုပ်ငန်းအမည် | လုပ်ငန်းစဉ် | ဆောင်ရွက်သည့် ဌာန |
|---|---|---|---|
| ၁ | ပုဂ္ဂလိကစက်မှုလုပ်ငန်း မှတ်ပုံတင်ခြင်း | -လုပ်ငန်းရှင်မှ ဒေသရုံးသို့ လျှောက်ထားချက်အား ဦးစီးဌာနမှ အတည်ပြုသတ်မှတ်ပေးထားသောအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးခြင်း<br>-ကွင်းဆင်းစစ်ဆေးသည့်အချက်အလက်များကို စိစစ်၍ စက်မှုလုပ်ငန်းအရွယ် | -ဒေသခရိုင်ရုံး(စက်မှုကြီးကြပ်ရေးဌာနခွဲ)<br>-ဒေသဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး |

| | | | |
|---|---|---|---|
| | | အစားအားခွဲခြားသတ်မှတ်ထြင်း<br>-စစ်ဆေးချက်များအားစိစစ်၍ ဒေသဆိုင်ရာပုဂ္ဂလိကစက်မှုလုပ်ငန်းကြီးကြပ်ရေးအဖွဲ့သို့တင်ပြခြင်း<br>အငယ်စားနှင့်အလတ်စားလုပ်ငန်းများအား မှတ်ပုံတင်ခွင့်ပြုခြင်း၊ငြင်းပယ်ခြင်းနှင့်အကြီးစားနှင့်အဓိကစက်မှုလုပ်ငန်းများအား မှတ်ပုံတင်ခွင့်ပြုရေးအတွက် ဦးစီးဌာနရုံးချုပ်သို့တင်ပြခြင်း<br>-အကြီးစားလုပ်ငန်းများအားစိစစ်၍ မှတ်ပုံတင်ခွင့်ပြုခြင်း<br>-အဓိက(အရက်ချက်၊ ဘီယာ၊ စီးကရက်၊ ဆေးဝါး)စက်မှုလုပ်ငန်းများအားစိစစ်၍ မှတ်ပုံတင်ခွင့်ပြုရေးအတွက် စက်မှုဝန်ကြီးဌာနသို့ တင်ပြခြင်း<br>- အဓိက(အရက်ချက်၊ ဘီယာ၊ စီးကရက်၊ ဆေးဝါး)စက်မှုလုပ်ငန်းများအားစိစစ်၍ မှတ်ပုံတင်ခွင့်ပြုခြင်း | -ပြည်ထောင်စုစက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနရုံး(စက်မှုကြီးကြပ်ဌာနခွဲ)<br>ဒေသဆိုင်ရာပုဂ္ဂလိကစက်မှုလုပ်ငန်းကြီးကြပ်ရေးအဖွဲ့<br>ဦးစီးဌာနရုံးချုပ်<br>ဦးစီးဌာနရုံးချုပ်<br>စက်မှုဝန်ကြီးဌာန |
| ၂ | ပုဂ္ဂလိကစက်မှုလုပ်ငန်းမှတ်ပုံတင်သက်တမ်းတိုးမြှင့်ခွင့်ပြုခြင်း | မှတ်ပုံတင်လုပ်ငန်းအားအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးခြင်း၊<br>သက်တမ်းတိုးမြှင့်ခွင့်ပြုခြင်း၊ | ဒေသဆိုင်ရာခရိုင်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနရုံး(စက်မှုကြီးကြပ်ဌာနခွဲ)<br>-တိုင်းဒေသကြီး/ပြည်နယ်/ပြည်ထောင်စုနယ်မြေစက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန |
| **စဉ်** | **လုပ်ငန်းအမည်** | **လုပ်ငန်းစဉ်** | **ဆောင်ရွက်သည့်ဌာန** |

| | | | |
|---|---|---|---|
| ၃ | မှတ်ပုံတင်ပြီးပုဂ္ဂလိကစက်မှုလုပ်ငန်းမှတ်ပုံတင်အချက်အလက်များပြောင်းလဲခွင့်ပြုခြင်း | -လုပ်ငန်းရှင်မှ ဒေသရုံးသို့ လျှောက်ထားချက်အားအဖွဲ့ဖြင့်ကွင်းဆင်းစစ်ဆေးခြင်း<br><br>စစ်ဆေးချက်များအား စိစစ်၍ ဒေသဆိုင်ရာပုဂ္ဂလိကစက်မှုလုပ်ငန်းကြီးကြပ်ရေးအဖွဲ့သို့ တင်ပြခြင်း<br>အချက်အလက်များပြောင်းလဲခွင့်ပြုရေးအတွက် ဦးစီးဌာနရုံးချုပ်သို့ တင်ပြခြင်း<br><br>စိစစ်၍ အချက်အလက်ပြောင်းလဲခွင့်ပြုခြင်း | -ဒေသခရိုင်ရုံး(စက်မှုကြီးကြပ်ရေးဌာနခွဲ)<br><br>-ဒေသဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး<br><br>-ပြည်ထောင်စုစက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနရုံး(စက်မှုကြီးကြပ်ဌာနခွဲ)<br>-ဒေသဆိုင်ရာပုဂ္ဂလိကစက်မှုလုပ်ငန်းကြီးကြပ်ရေးအဖွဲ့<br><br>ဦးစီးဌာန<br>ရုံးချုပ် |
| ၂ | မှတ်ပုံတင်လက်မှတ်မိတ္တူထုတ်ပေးခြင်း | **မှတ်ပုံတင်လက်မှတ်ပျောက်ဆုံးခြင်း**<br>-လုပ်ငန်းရှင်မှခိုင်လုံသောအထောက်အထားများဖြင့်လျှောက်ထားလာခြင်း၊<br><br>သေချာစွာစိစစ်၍သတ်မှတ်ဒဏ်ကြေးပေးသွင်းစေခြင်းနှင့်မှတ်ပုံတင်လက်မှတ်မိတ္တူထုတ်ပေးခြင်း၊ | -တိုင်းဒေသကြီး/ပြည်နယ်/ပြည်ထောင်စုနယ်မြေစက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနရုံး<br>-ဒေသဆိုင်ရာခရိုင်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနရုံး(စက်မှုကြီးကြပ်ဌာနခွဲ) |
| | | **မှတ်ပုံတင်လက်မှတ်ပျက်စီးခြင်းနှင့်မထင်မရှားဖြစ်ခြင်း**<br>-လုပ်ငန်းရှင်မှမူရင်းမှတ်ပုံတင်လက်မှတ် | တိုင်းဒေသကြီး/ပြည်နယ်/ပြည်ထောင်စုနယ်မြေစက်မှုကြီးကြပ်ရေးနှင့်စစ်ဆေး |

| | | | |
|---|---|---|---|
| | | ပူးတွဲ၍ လျှောက်ထားလာခြင်း၊<br>-စိစစ်၍ ပျက်စီးမှတ်ပုံတင်လက်မှတ် များအတွက် ဆောင်ရွက်ခပေးသွင်းစေခြင်းနှင့်မိတ္တူခွင့်ပြုခြင်း | ရေးဦးစီးဌာနရုံး |